AMATA
HOLDING
PUBLIC CO., LTD.

# ဘဏ္ဍာရေးအရာရှိချုပ် တာဝန်မှ အနားယူခြင်းနှင့် ဘဏ္ဍာရေးအရာရှိချုပ်အသစ် ခန့်အပ်ခြင်း

အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ "ကုမ္ပဏီအုပ်စု") ၏ ဒါရိုက်တာအဖွဲ့အနေဖြင့် ဘဏ္ဍာရေးအရာရှိချုပ်အဖြစ် တာဝန်ယူထားသည့် ဦးညွန့်ဝင်းထွန်းသည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၀၁ ရက်နေ့မှ စတင်၍ ကျန်းမာရေး အခြေအနေကြောင့် အလုပ်တာဝန်မှ အနားယူသွားခဲ့ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးညွန့်ဝင်းထွန်း၏ ဘဏ္ဍာရေးအရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အချိန်ကာလအတွင်း တန်ဖိုးမဖြတ်နိုင်သော လုပ်ဆောင်မှုများနှင့် ဦးဆောင်မှုများအတွက် အထူးကျေးဇူးတင်ရှိကြောင်း ဒါရိုက်တာအဖွဲ့မှ အသိအမှတ်ပြု ဖော်ပြအပ်ပါသည်။

တဆက်တည်းအနေဖြင့် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ ဘဏ္ဍာရေးအရာရှိချုပ်နေရာတွင် တာဝန်ထမ်းဆောင်ရန် လက်ရှိ လက်ထောက်ဘဏ္ဍာရေးအရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်ဆုလင်းနိုင်အား ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၀၁ ရက်နေ့မှ စတင်၍ ခန့်အပ်သွားပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဆုလင်းနိုင်သည် ကုမ္ပဏီအုပ်စုသို့ ၂၀၁၄ ခုနှစ်၊ မေလတွင် United International Group ၏ Senior General Ledger Supervisor အဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် Assistant Internal Auditor Manager အဖြစ် ရာထူးတိုးမြှင့်ပေးခြင်း ခံရပါသည်။ ထို့နောက် သူမသည် အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ လက်ထောက်ဘဏ္ဍာရေးအရာရှိချုပ်အဖြစ် ၂၀၁၉ ခုနှစ်၊ ဧပြီလမှစ၍ တာဝန်ထမ်းဆောင် ခဲ့ပါသည်။ ဒေါ်ဆုလင်းနိုင်သည် ၂၀၁၁ ခုနှစ်တွင် London Chamber of Commerce and Industry International Qualification မှ Level 3 Diploma in Computerized Accounting နှင့် ၂၀၁၃ ခုနှစ်တွင် ဒဂုံတက္ကသိုလ်မှ ဝိဇ္ဇာ ဘွဲ့ (အင်္ဂလိပ်စာ) နှင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် Association of Chartered Certified Accountants (ACCA) မှ Diploma in Accounting and Business ဘွဲ့၊ ဒီပလိုမာများ ရရှိခဲ့ပါသည်။

ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် အမည်စာရင်းတင်သွင်းရေးကော်မတီ၏ ထောက်ခံချက်အပေါ် ထည့်သွင်းစဉ်းစား၍ ဒေါ်ဆုလင်းနိုင်၏ အတွေ့အကြုံ၊ အရည်အချင်းနှင့် သင့်လျော်မှုတို့ကို စိစစ်ခဲ့ပြီးနောက် သူမသည် ကုမ္ပဏီ၏ Chief Financial Officer တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် လိုအပ်သော စံသတ်မှတ်ချက်များနှင့် စွမ်းဆောင်ရည်များ ရှိသည်ဟု ရှုမြင်သုံးသပ်ပါသည်။ ထို့ကြောင့် ဒါရိုက်တာအဖွဲ့သည် ဒေါ်ဆုလင်းနိုင်အား အဆိုပါ ရာထူးတိုးမြှင့်ခန့်အပ်မှုကို သဘောတူအတည်ပြုခဲ့ပြီး သူမသည် ကုမ္ပဏီအုပ်စု၏ ရည်မှန်းချက်များ ပြည့်မြောက်ရန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

Amata Holding Public Co., Ltd

ဦးဝင်းအောင်
ဥက္ကဋ္ဌ
၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၀၁ ရက်

**Amata Holding Public Co., Ltd**
No. 10, Inya Yeikthar St, Mayangone
Township, Yangon, Myanmar.
**Tel** : +95 9 899044077,899044088, 899044099
**Web** : www.amatahotelgroup.com
**Mail** : info@amataholding.com
**Fax** : +95 1 657690